နွားညိုနောင်နှင့် ပျော်ရွှင်ဖွယ်ပေးသော ဟားမိသားစု

ပြန်လည်ပြင်ဆင်ခြင်း ၂၀၁၃။

စီမံချက်ကန့်သတ်နယ်မြေအတွင်း အသုံးပြုရန်။

တစ်ခါတုန်းက ဝဖြိုးတဲ့ နွားညီနောင် ရှိတယ်။ သူတို့ရဲ့နာမည်က ကိုကြီးနွားနဲ့ ညီလေးနွားလို့ ခေါ်သတဲ့ကွယ်။ သူတို့ဟာ သာယာကုန်းရွာမှာ နေထိုင်ကြတယ်။ သူတို့က လူတွေ စားသောက်နိုင်ဖို့ လယ်ယာလုပ်ငန်းများကို လုပ်ကိုင်ကြသတဲ့။

တစ်နေ့မှာ ညီလေးနွားက စိတ်ညစ်တဲ့အသံနဲ့ “အင်း ဒီနှစ်တော့ မဖြစ်ဘူး” ဆိုပြီး ညည်းနေတဲ့အသံကို ကိုကြီးနွားက ကြားလိုက်တယ်။ အဲဒါနဲ့ “ညီလေးနွားရယ် ဘာဖြစ်လို့ ဒီလို ညည်းနေတာလဲ”လို့ မေးလိုက်တယ်။ “ ဟာ ကိုကြီးနွားကလဲ လယ်ထွန်ချိန်ရောက်နေပြီလေ။ ဒါပေမဲ့ ခုထိ နေပူပြင်းပြီး မိုးလုံးဝ မရွာသေးတော့ ရေမရရင် ဘယ်လိုလယ်ထွန်ကြမလဲ။ အင်း၊ ဒီနှစ်တော့ လူတွေ ထမင်းမစားရဘဲ နေတော့မှာပဲ”လို့ ပြန်ဖြေသတဲ့။



“ဟေ့ဟေ့ ညီလေးနွားရေ၊ ကိုကြီးအကြံတစ်ခုရပြီကွ။ ကိုရွှေဖားမိသားစုဆီသွားပြီး အကူအညီတောင်းကြရအောင်” “ဟာ ကောင်းလိုက်တဲ့အကြံ လာသွားစို့”ဆိုပြီး သူတို့ဟာ ကိုရွှေဖားမိသားစုနေတဲ့ ဌက်ပျောခြံဘက်ကို ထွက်သွားကြတယ်။

ဌက်ပျောခြံဝရောက်တော့ ကိုကြီးနွားက “ဟေ့ဟေ့ ကိုရွှေဖားတို့၊ ကိုရွှေဖားတို့ရေ ကျွန်တော်တို့ နွားညီနောင် အကူအညီလာတောင်းတာပါ”လို့ အော်ပြောလိုက်တယ်။ ဒီတော့ ဖားဝါမက “အို - မိတ်ဆွေကြီးနှစ်ကောင်ပါလား။ ဘာများ အကူအညီ ပေးရမလဲ”လို့ မေးသတဲ့။

ညီလေးနွားက "ဒီလိုပါ မမဖားဝါရယ်၊ ကျွန်တော်တို့ဟာ လူတွေ စားသောက်ဖို့ ဆန်ရအောင် လယ်လုပ်ငန်းကို လုပ်ကိုင်ကြပါတယ်။ ဒါပေမဲ့ ဒီနှစ်တော့ အခုချိန်ထိ မိုးကမရွာလို့ ရေမရသေးဘူး။ ဒီတော့ ကျွန်တော်တို့လဲ လယ်မထွန်နိုင်သေးဘူး။ အဲဒါ မိုးရွာအောင် ကိုရွှေဖားတို့မိသားစုဆီ အကူအညီ လာတောင်းတာပါ"လို့ ပြောပြတယ်။

ဒီအခါမှာ ကိုရွှေဖားစိမ်းကြီးက “အင်း၊ ဟုတ်သားပဲ တို့ဖားမိသားစုက မိုးရွာအောင် ကူညီရမယ်။ ဒီည မိုးချုပ်တာနဲ့ ဖားဝါမရယ်၊ ဖားနီလေးနှစ်ကောင်ရယ်၊ ဖားပြာကြီး ရယ် ငါတို့ငါးကောင် စပြီး မိုးခေါ်ကြမယ်နော်။ ဒါမှ မနက်မိုးလင်းရင် မိုးရွာလိမ့် မယ်။ ကိုကြီးနွားတို့ ညီနောင် စိတ်ချလက်ချသာ ပြန်ကြပါ”လို့ နှုတ်ဆက်လိုက်တယ်။ နွားညီနောင်လဲ ဝမ်းသာအားရဖြစ်ပြီး ရွာကို ပြန်လာခဲ့ကြတာပေါ့။

ဒီလိုနဲ့ အဲဒီည တစ်ညလုံး ဖားစိမ်းကြီး၊ ဖားဝါမ၊ ဖားနီလေးနှစ်ကောင်နဲ့ ဖားပြာကြီး တို့ ငါးကောင်ဟာ ဌက်ပျောခြံနားက အိုင်ထဲကိုဆင်းပြီး မိုးကိုအော်ခေါ်ကြတော့ တယ်။ သူတို့ရဲ့ မိုးခေါ်သံဟာ “အုန်းအင်၊ အုန်းအင်၊ ကွတ်ကွတ်၊ ကပ်ကပ်”တဲ့။

ဖားပြာကြီးက ပိုက်ကို ဖောင်းနိုင်သလောက် ဖောင်းပြီး အသံကျယ်ကြီးနဲ့ "အုန်းအွမ် အုန်းအွမ်"လို့ အော်လိုက်တော့ နှုပ်ချေးအရှည်ကြီး ထွက်ကျလာတာကို သူ့ဖားမိသားစု တွေ့လိုက်လို့ "ဟားဟားဟား၊ ဟီးဟီးဟီး၊ ဟိုးဟိုးဟိုး၊ ဟဲဟဲဟဲ"နဲ့ ရယ်လိုက်ကြတော့ ဖားပြာကြီး ရှက်သွားပြီး မိုးခေါ်သံကို ရပ်လိုက်ပါတော့တယ်။

နောက်တစ်နေ့ မနက်မိုးလင်းခါနီးအချိန်မှာ ကောင်းကင်ပြာကြီးက တိမ်ထူထပ်လာ ပြီး မကြာခင်မှာပဲ မိုးသည်းထန်စွာ ရွာလာပါတော့တယ်။ ဖားတွေက ပျော်ပျော်ရွှင်ရွှင် ကခုန်နေကြချိန်မှာ နွားညီနောင်လည်း ပျော်ပျော်ရွှင်ရွှင် သီချင်းဆိုရင်း မိုးရေထဲကို လယ်ထွန်ဖို့ ထွက်သွားကြတော့သတဲ့ကွယ်။